**Press Release**

**Gandhi Jayanti Celebrations highlight the Mahatma's Enduring Legacy**

The 155th Birth Anniversary of Mahatma Gandhi was celebrated at India Centre, in collaboration with the U Nay Oke Foundation, today. Over 125 distinguished guests from political parties, think tanks, academia, charity organizations, diplomatic corps and the Indian community attended the event. This event highlighted that Mahatma Gandhi's teachings of non-violence, truth, and justice, continue to inspire generations and enlighten people across the world to this day.

2. The evening featured remarks by dignitaries and experts, as well as cultural performances, that underscore Mahatma Gandhi's enduring message. Ambassador Abhay Thakur, in his remarks, emphasized the deep familial and kinship ties between India and Myanmar, and highlighted how Mahatma Gandhi's teachings show the path to true liberation rooted in dialogue, social reform, and in the pursuit of upliftment of the poor and providing them a life of dignity.

3. Myanmar (Burmese) translations of Mahatma Gandhi's books "The Story of My Experiments with Truth" and "Hind Swaraj" were presented to the Trustee of Shwedagaon Pagoda and the Representative of the International Theravāda Buddhist Missionary University (ITBMU). Speeches were also delivered by eminent educationist U Nay Oake, and distinguished Gandhian scholars / writers U Hane Latt and Dr Tin Maung Htwe. They recalled that just as families often look out for each other, India and Myanmar have always supported each other, and underscored the relevance of Mahatma Gandhi's messages in contemporary society, emphasizing the need for dialogue and cooperation to address pressing issues.

4. A musical performance on 'Vaishnava Jana Toh' by Myanmar vocalist Ms May Thu Khine, and a cultural performance by the students of Swami Vivekananda Cultural Centre, inspired by Mahatma Gandhi's philosophy, enthralled the audience.

5. The gathering collectively dwelt upon Mahatma Gandhi's teachings, that the path to peace is paved with compassion, understanding, and a commitment to justice. The celebration reflected a collective resolve to further strengthen support towards building a peaceful and harmonious future for all, based on these sublime values, shared by India and Myanmar.

*****

2 October 2024
Yangon

**သတင်းထုတ်ပြန်ချက်**

**Gandhi Jayanti အထိမ်းအမှတ်အခမ်းအနားများသည် မဟတ္တမဂန္ဒီ၏ အစွန့်ရှည်စွာ တည်တံ့နေသော အမွေအနှစ်ကို အလေးပေးဖော်ပြလျက်ရှိသည်**

မဟတ္တမဂန္ဒီ၏ (၁၅၅) နှစ်မြောက် မွေးနေ့အခမ်းအနားကို ဦးနေအုပ်ဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ India Centre ၌ ယနေ့ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ နိုင်ငံရေးပါတီများ၊ တတ်သိပညာရှင်များ၊ ပရဟိတအဖွဲ့များ၊ သံတမန်များနှင့် အိန္ဒိယ အသိုင်းအဝိုင်းတို့မှ ဧည့်သည်တော်ပေါင်း (၁၂၅) ဦး တက်ရောက်ခဲ့ကြပါသည်။ မဟတ္တမဂန္ဒီ၏ အကြမ်းမဖက်မှု၊ အမှန်တရားနှင့် တရားမျှတမှုဆိုင်ရာ သွန်သင်ချက်များသည် မျိုးဆက်သစ်များကို လှုံ့ဆော်မှုပေးပြီး ကမ္ဘာတစ်ဝှမ်းရှိ လူသားတို့ကို ယနေ့တိုင် အသိပညာဉာဏ်ပွင့်စေလျက်ရှိကြောင်း ဤအခမ်းအနားမှ မီးမောင်းထိုးပြခဲ့ပါသည်။

၂။ အခမ်းအနားကျင်းပသည့် ညနေပိုင်းတွင် မဟတ္တမဂန္ဒီ၏ တည်မြဲသောသတင်းစကားများမှ ထင်ရှားပေါ်လွင်စေသည့် အချက်များကို ဂုဏ်သရေရှိဧည့်သည်တော်ကြီးများနှင့် ပညာရှင်များမှ ဟောပြောခဲ့ခြင်းနှင့်အတူ ယဉ်ကျေးမှုဆိုင်ရာ ဖျော်ဖြေမှု များကိုတင်ဆက်ခဲ့ပါသည်။ သံအမတ်ကြီး Abhay Thakur က အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြားနက်ရှိုင်းသော မိသားစုနှင့် ဆွေမျိုးရင်းချာဆက်ဆံရေးကို အလေးပေးပြောကြားခဲ့ပြီး မဟတ္တမဂန္ဒီ၏ သွန်သင်ချက်ဖြစ်သော စစ်မှန်သည့် လွတ်မြောက်ရေး လမ်းစဉ်သည် တွေ့ဆုံဆွေးနွေးရေး၊ လူမှုပြုပြင်ပြောင်းလဲရေးနှင့် အန္တိမပန်းတိုင်ကို ရှာဖွေရာတွင် ဆင်းရဲသားများကို မြှင့်တင်ရန်နှင့် ဂုဏ်သိက္ခာရှိသောဘဝကို ဆောင်ရွက်ပေးရန်စသည်တို့တွင် အခြေခံကြောင်း အလေးထား ပြောကြားခဲ့ပါသည်။

၃။ မဟတ္တမဂန္ဒီရေးသားခဲ့သည့် “The Story of My Experiments with Truth” နှင့် “Hind Swaraj”” စာအုပ်များ၏ မြန်မာဘာသာပြန် စာအုပ်များကို ရွှေတိဂုံစေတီတော် ဂေါပကနှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (IT-BMU) တို့မှ ကိုယ်စားလှယ်များထံ ပေးအပ်ခဲ့ပါသည်။ ထင်ရှားကျော်ကြားသော ပညာရေးဆိုင်ရာ ပညာရှင် ဦးနေအုပ်၊ဂန္ဒီကြီး၏ အကြောင်းအရာဆိုင်ရာ စာရေးဆရာကြီးများဖြစ်သော ဦးဟိန်းလတ်နှင့် ဒေါက်တာ တင်မောင်ထွေး တို့မှ မိန့်ခွန်းများ ဟောပြော ခဲ့ကြပါသည်။ ဆရာကြီးများ၏ ဟောပြောချက်များတွင် မိသားစုအချင်းချင်း ဂရုစိုက်လေ့ရှိသကဲ့သို့ အိန္ဒိယနှင့် မြန်မာတို့သည် အချင်းချင်း အပြန်အလှန်ကူညီခဲ့ကြကြောင်း သတိတရ ပြောကြားခြင်းနှင့်အတူ ခေတ်ပြိုင် လူ့အဖွဲ့အစည်းအတွင်း မဟတ္တမဂန္ဒီ၏ သတင်းစကားများ ဆက်စပ်မှုကို အထူးပြုပြောကြားကာ တင်းမာသော ပြဿနာများကို ဖြေရှင်းရန်အတွက် ဆွေးနွေးညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ကြောင်း အလေးပေး ပြောကြား ခဲ့ကြပါသည်။

၄။ မြန်မာတေးသံရှင် မေသူခိုင်၏ ‘Vaishnava Jana Toh’ တေးသီးချင်းဖျော်ဖြေမှုနှင့်အတူ မဟတ္တမဂန္ဒီ၏ အတွေးအခေါ်တို့အား သရုပ်ပြမှုအနေဖြင့် တင်ဆက်သည့် Swami Vivekananda Cultural Centre မှ ကျောင်းသား/သူများ၏ ယဉ်ကျေးမှုဆိုင်ရာ ဖျော်ဖြေတင်ဆက်မှု တို့ကို ပရိသတ်များမှ နှစ်သက်သဘောကျခဲ့ကြပါသည်။

၅။ ယခုအခမ်းအနားတွင် မဟတ္တမဂန္ဒီ၏ သင်ကြားပြသမှုများဖြစ်သည့် ငြိမ်းချမ်းရေးလမ်းစဉ်သည် ကရုဏာ၊ နားလည်မှု၊ တရားမျှတခြင်း ဆောင်ရွက်မှုတို့ဖြင့် ပေါင်းစပ်ထားသည့်အကြောင်း ပြောဆိုခဲ့ကြပါသည်။ ဤအထိမ်းအမှတ်ပွဲသည် အားလုံးအတွက် ငြိမ်းချမ်းပြီး သဟဇာတရှိသော အနာဂတ်ကို တည်ဆောက်ရာတွင် အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ မျှဝေခံစား ခဲ့ကြသော ဤမြင့်မြတ်သော တန်ဖိုးများကို အခြေခံ၍ ပိုမိုခိုင်မာသောစေရန် စုပေါင်းသန္နိဋ္ဌာန်ကို ထင်ဟပ်စေပါသည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်။
ရန်ကုန်မြို့။